
# ဆန်စပါးဆိုင်ရာအပတ်စဉ် လေ့လာသုံးသပ် တင်ပြချက်( ၂၂/၂၀၂၃ )


## (၂၁.၆.၂၀၂၃ မှ ၂၇.၆.၂၀၂၃ ထိ )

၁။ **ပြည်တွင်း၊ပြည်ပ စပါးစိုက်ပျိုးထွက်ရှိမှု အခြေအနေ။** ၂၀၂၂-၂၀၂၃ ခုနှစ်၊ နွေစပါးစိုက်ပျိုးရန်လျာထားဧက (၂.၆၃) သန်းအပေါ် ၃၁.၅.၂၀၂၃ ရက်နေ့ထိ ဧက (၂.၆၀) သန်း (၉၉ %) စိုက်ပျိုးနိုင်ခဲ့ပါသည်။ ရိတ်သိမ်းဧက(၂.၀၆) သန်းအပေါ် ပျမ်းမျှအထွက်နှုန်း(၉၆.၇၈)တင်းဖြင့် အထွက်တင်း(၂၀၀.၁၅)သန်း ထွက်ရှိနေပြီဖြစ်ပါသည်။ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး စိုက်ပျိုးရန်လျာထားဧက (၁၄.၉၉)သန်းအပေါ် ၃၁.၅.၂၀၂၃ ရက်နေ့အထိ (၀.၃၈)သန်း (၂.၅၂ %) စိုက်ပျိုးပြီးဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လထုတ်ပြန်သည့် USDA ၏ စာရင်းများအရ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာ့စပါး စိုက်ပျိုးမှု ၁၆၆.၀၈ ဟက်တာသန်း **(ဧက ၄၁၀.၂၂ သန်း)**၊ အထွက်နှုန်း တစ်ဟက်တာ ၄.၆၈ မက်တန် **(၂၂၄ .၂၂ တင်း)**၊ စုစုပေါင်းအထွက် မက်တန် ၅၂၀.၄၉ သန်း **(စပါးတင်း ၂၄၉၃၆.၆၇ သန်း)** ဖြစ်ပါသည်။

၂။ **ပြည်တွင်း စပါး၊ ဆန်ဈေးနှုန်းအခြေအနေ။** ဧည့်မထအုပ်စုဝင်(၄၆)ပေါင်ကိုက် စပါးတင်း (၁၀၀)ဈေးနှုန်းနှင့် ဧည့်မထ၂၅% အလတ်စ (၁၀၈)ပေါင်ဝင် ဆန် (၁)အိတ် ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-


| စဉ် | တိုင်း/ ပြည်နယ် | မြို့နယ် | စပါးအမျိုး အစား | စပါးတင်း(၁၀၀)/ကျပ် | | ဆန်အမျိုး အစား | ဆန်တစ်အိတ်/ကျပ် | |
|---|---|---|---|---|---|---|---|---|
| | | | | ယခင်ပတ် | ယခုအပတ် | | ယခင်ပတ် | ယခုအပတ် |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ |
| (က) | **ရန်ကုန်တိုင်း** | သန်လျင် | ဧည့်မထ(မိုး) | ၁၆၄၀၀၀၀ | ↑ ၁၇၃၀၀၀၀ | မနောသုခ(မိုး) | ၆၅၀၀၀ | ↑ ၆၆၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၃၇၀၀၀၀ | ↑ ၁၄၆၀၀၀၀ | မနောသုခ(နွေသစ်) | ၆၅၅၀၀ | ↑ ၇၃၀၀၀ |
| | | | | | | | | |
| (ခ ) | **ဧရာဝတီတိုင်း** | ပုသိမ် | ဧည့်မထ(မိုး) | ၁၇၃၈၀၀၀ | ▬ ၁၇၃၈၀၀၀ | ဧည့်မထ(မိုး) | ၆၇၀၀၀ | ▬ ၆၇၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၆၅၆၀၀၀ | ▬ ၁၆၅၆၀၀၀ | ဧည့်မထ(နွေသစ်) | ၆၁၀၀၀ | ▬ ၆၁၀၀၀ |
| | | | | | | | | |
| (ဂ ) | **ပဲခူးတိုင်း** | ပဲခူး | ဧည့်မထ(မိုး) | ၁၇၀၂၀၀၀ | ▬ ၁၇၀၂၀၀၀ | ဧည့်မထ(မိုး) | ၆၅၀၀၀ | ▬ ၆၅၀၀၀ |
| | | ပြည် | ဧည့်မထ(မိုး) | ၁၇၀၀၀၀၀ | ▬ ၁၇၀၀၀၀၀ | ဧည့်မထ(မိုး) | ၆၄၀၀၀ | ▬ ၆၄၀၀၀ |
| | | | | | | | | |
| (ဃ) | **မန္တလေးတိုင်း** | မန္တလေး | ဧည့်မထ(မိုး) | ၁၈၀၀၀၀၀ | ↑ ၁၉၀၀၀၀၀ | ဧည့်မထ(မိုး) | ၇၀၀၀၀ | ↑ ၈၃၀၀၀ |
| | | ပျဉ်းမနား | ဧည့်မထ(မိုး) | ၁၉၀၀၀၀၀ | ↑ ၁၉၅၀၀၀၀ | ဧည့်မထ(မိုး) | ၇၂၀၀၀ | ↑ ၇၄၀၀၀ |
| | | | ဧည့်မထ(နွေသစ်) | ၁၄၀၀၀၀၀ | ▬ ၁၄၀၀၀၀၀ | ဧည့်မထ(နွေသစ်) | ၅၈၀၀၀ | ↑ ၆၀၀၀၀ |
| | | | | | | | | |
| (င ) | **စစ်ကိုင်းတိုင်း** | ရွှေဘို | ဧည့်မထ(မိုး) | ၂၄၀၀၀၀၀ | ▬ ၂၄၀၀၀၀၀ | ရွှေမင်း(မိုး) | ၉၆၀၀၀ | ▬ ၉၆၀၀၀ |
| | | | | | | | | |
| (စ ) | **ရခိုင်ပြည်နယ်** | စစ်တွေ | ဧည့်မထ(မိုး) | ၁၈၅၀၀၀၀ | ▬ ၁၈၅၀၀၀၀ | ရွှေဝါထွန်း(မိုး) | ၈၅၀၀၀ | ↓ ၈၀၀၀၀ |
| | | | | | | | | |
| (ဆ) | **မွန်ပြည်နယ်** | မော်လမြိုင် | ဧယာ(မိုး) | ၁၆၅၀၀၀၀ | ▬ ၁၆၅၀၀၀၀ | ဧယာ(မိုး) | ၆၅၀၀၀ | ↑ ၆၅၅၀၀ |
| | | | | | | | | |


စပါးတင်း(၁၀၀)ဈေးနှုန်းပြောင်းလဲမှု
၂၇၀၀၀၀၀
၂၂၀၀၀၀၀
၁၇၀၀၀၀၀
၁၂၀၀၀၀၀
၇၀၀၀၀၀
၂၀၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်အပတ်
ယခုအပတ်


ညှော်မထဆန်(အလတ်စ) တစ်အိတ်ဈေးနှုန်းပြောင်းလဲမှု
၁၀၀၀၀၀
၉၀၀၀၀
၈၀၀၀၀
၇၀၀၀၀
၆၀၀၀၀
၅၀၀၀၀
၄၀၀၀၀
၃၀၀၀၀
၂၀၀၀၀
သန်လျင်
ပုသိမ်
ပဲခူး
ပြည်
မန္တလေး
ပျဉ်းမနား
ရွှေဘို
စစ်တွေ
မော်လမြိုင်
ယခင်ပတ်
ယခုအပတ်

၃။ **ပြည်တွင်း/ပြည်ပဆန်ဈေးနှုန်းအခြေအနေ။** စပါး၊ ဆန် အဓိကထုတ်လုပ်တင်ပို့သော နိုင်ငံများ၏ ဆန်တစ်တန် FOB ဈေးနှုန်းဖြစ်ပေါ်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | နိုင်ငံ | အမျိုးအစား | ဈေးနှုန်း | | | |
|---|---|---|---|---|---|---|
| | | | ၅.၆.၂၃ | ၁၂.၆.၂၃ | ၁၉.၆.၂၃ | ၂၆.၆.၂၃ |
| (က) | ထိုင်း | White Rice ၁၀၀% | ၅၂၅ | ၅၂၂ | ၅၂၃ | ↑ ၅၃၅ |
| | | White Rice ၅% | ၅၁၁ | ၅၀၇ | ၅၀၉ | ↑ ၅၂၀ |
| | | White Rice ၂၅% | ၄၉၄ | ၄၉၁ | ၄၉၂ | ↑ ၅၀၂ |
| | | Parboiled Rice ၁၀၀% | ၅၂၃ | ၅၁၉ | ၅၂၀ | ↑ ၅၃၂ |
| (ခ) | ဗီယက်နမ် | White Rice ၅% | ၅၀၂ | ၅၀၂ | ၅၀၂ | ↑ ၅၀၇ |
| | | White Rice ၂၅% | ၄၈၇ | ၄၈၂ | ၄၈၂ | ↑ ၄၈၇ |
| (ဂ) | ပါကစ္စတန် | White Rice ၅% | ၅၄၂ | ၅၀၇ | ၄၉၂ | ▬ ၄၉၂ |
| | | White Rice ၂၅% | ၅၀၇ | ၄၆၂ | ၄၅၂ | ↑ ၄၆၂ |
| (ဃ) | အိန္ဒိယ | White Rice ၂၅% | ၄၃၂ | ၄၃၂ | ၄၃၂ | ↑ ၄၄၂ |
| (င) | မြန်မာ | White Rice ၅% | ၅၂၀-၅၃၀ | ၅၂၀-၅၃၀ | ၅၂၀-၅၃၀ | ↓ ၅၁၀-၅၂၀ |
| | | White Rice ၁၀% | ၅၁၀-၅၂၀ | ၅၁၀-၅၂၀ | ၅၁၀-၅၂၀ | ↓ ၅၀၀-၅၁၀ |
| | | White Rice ၁၅% | ၅၀၀-၅၁၀ | ၅၀၀-၅၁၀ | ၅၀၀-၅၁၀ | ↓ ၄၉၀-၅၀၀ |
| | | White Rice ၂၅% | ၄၈၀-၄၉၀ | ၄၈၀-၄၉၀ | ၄၈၀-၄၉၀ | ↓ ၄၇၀-၄၈၀ |



၄။ **ဆန်လက်ကျန်အခြေအနေ။** ၁၉.၆.၂၀၂၃ နေ့ရှိ တိုင်းဒေသကြီး/ ပြည်နယ်များ၏ တင်ပြချက်စာရင်းအရ ခန့်မှန်းလက်ကျန်ဆန်တန်မှာ (၄.၀၅၇) သန်း ဖြစ်ပါသည်။ ၂၀၂၃ ခုနှစ်၊ ဇွန်လ ကမ္ဘာ့ဆန်လက်ကျန်မှာ တန်ချိန်(၁၇၀.၂၁၃) သန်းဖြစ်ပါသည်။

၅။ **ပြည်ပဆန်တင်ပို့နိုင်မှုနှင့်ပြည်ပဈေးကွက်။** ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ၁.၄.၂၀၂၃ မှ ၁၆.၆.၂၀၂၃ နေ့ထိ ဆန်တန်ချိန် (၁၀၉၃၄၃)၊ တန်ဘိုး (၅၁.၈၁၉) USD သန်း တင်ပို့နိုင်ခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ `ဘဏ္ဍာနှစ် အလားတူကာလတွင် ဆန်တန်ချိန် (၃၂၈၃၅၂)၊ တန်ဘိုး (၁၁၆.၂၈၅) USD သန်း တင်ပို့ခဲ့သဖြင့် ယခင်နှစ်ထက် ဆန်တန်ချိန်(၂၁၉၀၀၈)၊ တန်ဘိုး (၆၄.၄၆၆) USD သန်း လျော့နည်း တင်ပို့ခဲ့ပါသည်။ ပင်လယ်ရေကြောင်းမှ ဧည့်မထ ၂၅% ဆန် တစ်တန်ပေါက်ဈေးမှာ FOB ၄၈၀ USD ဖြစ်သော်လည်း Earning ဈေး၂၄၇၅ ကျပ်ဖြင့် တွက်ချက်ပါက FOB အရင်းဈေးနှုန်းမှာ ၅၃၁ USD ဖြစ်နေသဖြင့် ဧည့်မထ ၂၅ % မှာ တွက်ချက်မှုအရ တွက်ခြေကိုက်မှုမရှိကြောင်းသိရှိရပါသည်။

၆။ **ခြုံငုံသုံးသပ်ချက်။** ထိုင်းနိုင်ငံတွင် ဆန်ရောင်းအားလျော့နည်းနေသည့်အတွက် ပို့ကုန်ဆန်ဈေးနှုန်းများမြင့်တက်ခဲ့ပါသည်။ ဗီယက်နမ်နိုင်ငံအပါအဝင် အချို့နိုင်ငံများသည် ၎င်းတို့၏ ကုန်စည်တင်ပို့မှုများကို ကန့်သတ်ရန်ကြိုးပမ်းနေမှုများကြောင့် ဆန်ဝယ်ယူရေးတွင် အခက်အခဲများရှိနေသဖြင့် ယခုအပတ် ပို့ကုန်ဆန်ဈေးနှုန်းများမြင့်တက်ခဲ့ပါသည်။ ပါကစ္စတန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံကဲ့သို့ ဆန်ထုတ်လုပ်သည့် နိုင်ငံတို့သည် အင်ဒိုနီးရှားနိုင်ငံ၏ ပြည်တွင်းဆန်လိုအပ်ချက်များကို အလွယ်တကူဖြည့်ဆည်းပေးနိုင်ရန်အတွက် ဝယ်လိုအားများခဲ့ပြီး ဆန်ဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။ ပြည်တွင်း စပါး၊ ဆန်ဈေးကွက်၌ မိုးစပါးလက်ကျန်နည်းလာခြင်း၊ လှောင်လက်နှင့်စက်ပိုင်ကုန်သည် ရောင်းအားနည်းခြင်း၊ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ကြိတ်ခွဲထုတ်လုပ်နိုင်မှုမရှိခြင်း၊ ဒေသတွင်း စားသုံးရန်နှင့် ပြည်ပတင်ပို့ရန် ဝယ်အားရှိခြင်းတို့ကြောင့် မြို့နယ်အများစုတို့တွင် စပါး၊ ဆန်ဈေးနှုန်းများမြင့်တက်ခဲ့ပါသည်။ စစ်တွေတွင် ဈေးကွက်ဝင်ရောက်မှုများနေသဖြင့် ဆန်ဈေးနှုန်းကျခဲ့ပါသည်။ ကျန်မြို့နယ်များတွင် စပါး၊ ဆန်ဈေးနှုန်းများငြိမ်နေပြီး ဒေသတွင်းစားသုံးရန်နှင့် ပြည်ပတင်ပို့ရန်ဝယ်လိုအားပုံမှန်ရှိနေကြောင်းသိရှိရပါသည်။